ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကြံခင်းမြို့

၂၀၁၈ခုနှစ် အောင်သပြေကျေးရွာ၊ ဆုံလဲ အုပ်စု

**မာတိကာ**

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRAtoolsများနှင့်တစ်ခုချင်းစီ၏

သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကော်မတီဝင်များစာရင်း

၉။ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။အစည်းအဝေးမှတ်တမ်းများ


၁၄။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှူးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ဆုံလဲ ကျေးရွာမြေပုံ (တည်နေရာ)



**၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း**

ဆုံလဲကျေးရွာ ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။မြေခြားကျေးရွာ

၂။ကျောက်စရစ်ကုန်းကျေးရွာ

၃။ကျွန်းကြီးကျေးရွာ

၄။သစ်ဆိမ့်ကုန်းကျေးရွာ

၅။အိုးဘိုကုန်းကျေးရွာ

၆။ပေါက်တိုင်းကျေးရွာ

၇။ဆီဆုံကုန်းကျေးရွာ

၈။ရှမ်းစုကျေးရွာ

၉။ဓမ္မိကျေးရွာ

၁၀။ဆုံလဲကျေးရွာ

၁၁။သဲဖြူကျေးရွာ

၁၂။သပြေလှကျေးရွာ

၁၃။မြောင်(အုန်းကုန်း)ကျေးရွာ

၁၄။ရွာသစ်ကုန်းကျေးရွာ

၁၅။ကျောင်းကုန်းကျေးရွာ

၁၆။သပြေကုန်းကျေးရွာ

**၁၇။အောင်သပြေကျေးရွာ**

၁၈။ဆိပ်သာကျေးရွာ

၁၉။ခုနှစ်တာကျေးရွာ

ဆုံလဲကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာသမိုင်းကြောင်းအခြေခံအချက်အလက်များ

အောင်သပြေ ကျေးရွာသည် ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ဆုံလဲကျေးရွာအုပ်စုတွင် တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်၌ ဆိပ်သာကျေးရွာမြောက်ပိုင်းတွင် မီးလောင်မှုအကြီးအကျယ်ဖြစ်ပွားပြီးနောက် မီးလောင်ဆုံးရှုံးခဲ့သော အိမ်ထောင်စုများကို ယခုနေရာတွင် အောင်သပြေကွက်သစ်ဟုဆိုပြီး နေရာသစ်ပြန်ချပေးကြောင်း သိရှိရသည်။ ယခင် အိမ်ခြေ (၁၀) အိမ်မျှသာရှိရာမှ နောက်ပိုင်းတွင် အိမ်ထောင်စုများ တဖြည်းဖြည်းတိုးပွားလာပြီး အိမ်ခြေ (၃၀) အထိတိုးပွားလာခြင်းဖြစ်ပါသည်။

အောင်သပြေကျေးရွာ၏ အရှေ့ဘက်တွင် ဆိပ်သာကျေးရွာ၊ အနောက်ဘက်နှင့် တောင်ဘက်တွင်လယ်ကွင်းများရှိ၍ မြောက်ဘက်တွင်လည်းလယ်ကွင်းများနှင့် မက်သနောစက်ရုံတည်ရှိပါသည်။ အောင်သပြေကျေးရွာသည် ကြံခင်း-မက်သနောစက်ရုံ လမ်းမကြီးဘေးတွင်တည်ရှိ၍ အရှေ့ဘက်တွင်ရှိသောဆိပ်သာကျေးရွာနှင့် ၁ မိုင်ခန့်သာ ကွာဝေးပါသည်။ ကြံခင်းနှင့် မက်သနောစက်ရုံသို့ ဆက်သွယ်ထားသောလမ်းမမှတဆင့် ဆိပ်သာရွာ၊ အုန်းကုန်းရွာနှင့် အနီးအနားရှိကျေးရွာများသို့ဆက်သွယ်သွားလာနိုင်ပါသည်

အောင်သပြေကျေးရွာ၏ တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင်ရှိသော လယ်ယာမြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြသည်။ ထိုလယ်ယာမြေများတွင် စပါး၊ နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးကြသည်။ သို့သော် အောင်သပြေကျေးရွာသူ၊ ကျေးရွာသားများသည် လယ်မြေပိုင်ရှင်များမဟုတ်ဘဲ ထိုလယ်မြေများတွင် အငှားလိုက်၍ စိုက်ပျိုးလုပ်ကိုင်ကြခြင်းဖြစ်သည်။

အောင်သပြေကျေးရွာရှိကလေးများ၏ ပညာသင်ယူမှုတွင် ဆိပ်သာအထက်တန်းကျောင်းသို့တက်ရောက်ပညာသင်ကြားကြသည်။ ကျန်းမာရေးအနေဖြင့်ဆိပ်သာကျေးရွာဆေးပေးခန်းနှင့် ဆိပ်သာတိုက်နယ်ဆေးရုံများသို့သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ အောင်သပြေကျေးရွာသူ၊ ကျေးရွာသားများသည် ဗုဒ္ဓဘာသာဗမာလူမျိုးများဖြစ်ကြပြီး ဥပုတ်သီတင်းဆောက်တည်ခြင်း၊ အလှူအတန်းပြုလုပ်ခြင်း၊ ကျေးရွာ၏ရိုးရာဓလေ့ပွဲတော်များ၊ ဘာသာရေးပွဲတော်များစသည်တို့ကိုပြုလုပ်ရာတွင် ဆိပ်သာရွာရှိ ဘုန်းကြီးကျောင်းနှင့် ဘုရားများတွင် သွားရောက်ကုသိုလ်အမှုပြုလေ့ရှိကြသည်။

အောင်သပြေကျေးရွာသည် တောင်နှစ်လုံးကြား၌ တည်ရှိသောကြောင့် သဘာဝဘေးဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ကိုခံစားရခြင်းမရှိကြောင်းသိရသည်။ ထို့ပြင်ကျေးရွာသည် သဘာဝအရင်းအမြစ်များလည်း ရှားပါးပြီးအခြေခံအဆောက်အဦးများလည်း မရှိကြောင်းတွေ့ရှိရသည်။ ကျေးရွာလူထုသည် ဝက်၊ကြက် စသည်တို့ကို တနိုင်တပိုင်မွေးမြူကြပြီး ကိုယ်ပိုင်လုပ်ငန်းလည်းမရှိသောကြောင့် ကျေးရွာတွင်ကိုယ်ပိုင်လုပ်ငန်း

များ၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရန် မျှော်လင့်အိမ်မက်မက်ကြသည်။ မက်သနော်စက်ရုံလည်ပတ်ပါက ကျေးရွာ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးတို့တွင် တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ယုံကြည်ကြသည်။

အောင်သပြေကျေးရွာတွင် နေထိုင်သော ကျေးရွာသူ၊ ကျေးရွာသားများသည် လယ်ပိုင်၊ မြေပိုင်ရှင်မရှိဘဲ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သတ်၍ အလွန်နည်းပါးသဖြင့် ကျပန်းအလုပ်နှင့် အသက်မွေးဝမ်းကြောင်းပြုနေသော လက်လုပ်လက်စားများဖြစ်သည့် အိမ်ထောင်စုများပင်ဖြစ်သည်။ သို့သော် ကျေးရွာသူ၊ ကျေးရွာသားများသည် ဘာသာရေးကိုင်းရှိုင်းကြသလို ရိုးသားပွင့်လင်းဖော်ရွေကြပြီး အေးချမ်းသောကျေးရွာလေးတစ်ရွာဖြစ်သည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဝန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၆.၉.၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတဝင်များ၊ ရပ်ရွာလူထုများ | ၅ | ၄ | ၉ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၆.၉.၂၀၁၉ | ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၅ | ၄ | ၉ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၆.၉.၂၀၁၉ | ချမ်းသာ၊ အလယ်အလတ် နွမ်းပါးအုပ်စုများ | ၃၁ | ၃၁ | ၆၂ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆.၉.၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၃၁ | ၃၁ | ၆၂ | -ကျေးရွာတွင်း ၊ပြင်ပရှိအဖွဲ့ အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၆.၉.၂၀၁၇ | ကျေးရွာရှာ အမျိုးသား နှင့်အမျိုး သမီးများ | ၁၀ | ၁၂ | ၂၂ | နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီး တို့ပါဝင်မှုအချိုး၊ အမျိုးသားနှင့် အမျိုးသမီးတန်းတူ အခွင့်အရေး ရရှိ နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုး မှုနှင့်ဆုံးဖြတ်နိုင် မှု (Assent Mapping) | ၂၆.၉.၂၀၁၇ | ကျေးရွာရှိ အမျိုးသား နှင့်အမျိုး သမီးများ | ၃၁ | ၃၁ | ၆၂ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသ မီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည် သည့်အကြောင်းကြောင့် နည်း။မည်သို့ညီမျှစွာခံစား ခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၆.၉.၂၀၁၇ | ကော်မတီ ဝင်များနှင့် ရပ်ရွာ လူထုများ | ၂၅ | ၂၅ | ၅၀ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတား ဆီး၊အခက်ခဲများ -လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်း ချက် (Village Vision) | ၂၆.၉.၂၀၁၇ | ကော်မတီ ဝင်များနှင့် ရပ်ရွာ လူထုများ | ၂၅ | ၂၅ | ၅၀ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ -ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ ဦးစားပေး လုပ်ငန်း | ၂၆.၉.၂၀၁၇ | ကော်မတီ ဝင်များ၊ ရပ်ရွာ လူထုများ၊ တက် ရောက်သူ အားလုံး | ၂၇ | ၂၇ | ၅၄ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ် မှတ်ခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## ၆။(က)လူမှုနှင့်သဘာဝအရင်းအမြစ်များပြမြေပုံသုံးသပ်ချက်

**ဒေသတွင်း သဘာဝအရင်းအမြစ်များ**

အောင်သပြေကျေးရွာ၏ သဘာဝအရင်းအမြစ်များမှာ ရွာ၏တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် လယ်ကွင်းများရှိ၍ ထိုလယ်ယာမြေသဘာဝအရင်းအမြစ်ကိုမှီတည်၍ အသက်မွေးဝမ်းကြောင်းအလုပ်အဖြစ် စိုက်ပျိုးလုပ်ကိုင်ကြသည်။


**လူမှုအဆောက်အဦးများ**

အောင်သပြေကျေးရွာတွင်ရှိသော အဆောက်အဦးများအနေဖြင့် ရေတွင်း၊ ဆန်စက်နှင့် ပဲခွဲစက်တို့သာရှိပြီး ကျေးရွာ၏အရင်းအမြစ်ပြမြေပုံအရ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အဦးများကို မတွေ့ရ၍ ကျေးရွာ၏အခြေခံအဆောက်အဦးများကို ရွာလူထုမှ သိမြင်သုံးသပ်နိုင်ခဲ့သည်။

အောင်သပြေကျေးရွာ၏ နောင်(၅)နှစ်တာ မျှော်မှန်းချက်၊ လိုအပ်သောလုပ်ငန်းများ ရွေးချယ်ဖော်ထုတ်ရာတွင် ကျေးရွာ၏ အခြေခံအဆောက်အဦးလိုအပ်ချက်နှင့် အသေးစိတ်နေရာ အနေအထား၊ ရွာရှိအရင်းအမြစ်များ လုံလောက်စွာအသုံးချနိုင်မှုစသည့်အချက်အလက်များကို သိမြင်ဖော်ထုတ်နိုင်ခဲ့သည်။။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

၆။(ခ)ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

**ရာသီဥတု၊**

တန်ကူး၊ ကဆုန်၊ တော်သလင်း၊ တပို့တွဲ၊ တပေါင်းလများတွင် နေပူပြင်းပြီး၊ နယုန်၊ ဝါဆို၊ ဝါခေါင်လသည် မိုးရွာ သောလများဖြစ်ပြီး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ စသောလများသည် ချမ်းအေးပြီးနှင်းကြသောလများဖြစ်သည်။

**အလုပ်အကိုင်နှင့် ဝင်ငွေ**

တန်ကူး၊ ကဆုန်၊တပေါင်း လများတွင် အလုပ်အကိုင်ရှားပါး သောကြောင့် ကျပန်းလုပ်ငန်း ဆောင်ရွက် ကြသောကြောင့် ဝင်ငွေမရရှိ ကြပေ။ အမျိုးသမီးများမှာ အလုပ်အကိုင် ရှားပါးသော ကြောင့် ဝင်ငွေမရရှိကြပေ။ နယုန်လတွင် ကိုင်းစိုက်သောကြောင့်ကျား(၃၀၀၀)၊ မ(၂၀၀၀)ကျပ် စီသာရရှိကြသည်။ ဝါဆို၊ ဝါခေါင် လများတွင် လယ်စိုက်သော လများ ဖြစ်သောကြောင့် ကျား (၅၀၀၀)၊ မ (၄၀၀၀) ကျပ်စီသာရရှိပါသည်။ တော်သလင်း၊ သီတင်းကျွတ် လများတွင် ကိုင်းသိမ်း သောကြောင့်ကျား (၂၀၀၀) ကျပ်စီ ရရှိကြသည်။ အမျိုးသမီးများ အနေဖြင့် (၂၅၀၀) ကျပ်ပိုမို ရရှိ ကြသည်။တန်ဆောင်းမုန်း၊ နတ်တော်၊ လများတွင်၊ကောက်ရိတ်သောရာသီ ဖြစ်သောကြောင့်ကျား မ (၅၀၀၀) ကျပ်စီ တန်းတူ ဝင်ငွေ ရရှိသောလများ ဖြစ်ကြသည်။ပြာသို၊တန်ပို့တွဲ၊တပေါင်း လများ တွင် ကိုင်းသိမ်းသော လုပ်ငန်းဖြစ်သောကြောင့် ကျား(၃၀၀၀)၊မ(၂၀၀၀)ကျပ်စီ သာရရှိကြသည်။

**ပွဲတော်**

တန်ကူးလတွင် အတာသင်္ကြန် ရေကစားပွဲတော် ကျင်းပကြပြီး ၊ ဝါဆိုလတွင်ဝါဆိုသင်္ကန်း ကပ်ကြပြီး၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်များကို လအလိုက်ဆောင်ရွက်ကြသည်။

**ကျန်းမာရေး**

တန်ကူး၊ ကဆုန် လများတွင် အပူနာ များဖြစ်သော လည်ချောင်းနာ၊ မျက်စိနာ များဖြစ် တတ်ကြပြီး၊ တန်ဆောင်မုန်း လများတွင် တုတ်ကွေးရောဂါ အဖြစ်များကြပြီး၊ ပြာသို၊ တပိုတွဲ လ များတွင် ငှက်ဖျားရောဂါများ အဖြစ်များသောကြောင့် ကျန်းမားရေးကို ဂရုစိုက် ကြပါသည်။ကျန် သောလများတွင် ကျန်းမာရေး အသင့်အတင့်ကောင်းမွန်သောလများဖြစ်ကြသည်။

**ဒေသထွက်အစားအစာ**

ဒေသထွက်ကုန် အနေဖြင့် နယုန် လများတွင် ပဲအမျိုးမျိုး များထွက်ရှိ ကြပြီးတော်သလင်း၊ သီတင်းကျွတ်၊ လများတွင် မြေပဲ ၊ ပဲအမျိုးမျိုး ၊ ရွှေဖရုံသီး များစွာ ထွက်ပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုတွဲလများတွင် စပါး၊ခရမ်းချဉ်သီး၊ ဗူးသီး၊တို့အများအပြားထွကသောကြောင့် အဆင်ပြေသောလများဖြစ်သည်။

**<u>သဘာဝဘေးအန္တရာယ်</u>**


ဝါဆို ၊ ဝါခေါင်လ များတွင် ရေကြီး၊ ရေလျှံ သောအချိန်ဖြစ်တတ်ပြီး၊ ကျန်လများတွင် ကောင်းမွန်ပါသည်။

**<u>အားလပ်ချိန်</u>**

တန်ကူး၊ကဆုန်၊တပေါင်းလများတွင်အားလပ်သောအချိန်များဖြစ်ပြီးကျန်လများတွင်အလုပ်အကိုင်များဆောင်ရွက်ကြပါသည်။ ပါဝင်ရေးဆွဲသူကျား (၅)၊ မ(၄) ဦးတို့နှင့် အတူ ဆွေးနွေးဖော်ထုတ်ခဲ့ရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ
နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်


ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ဖောင်သပြေ
အုပ်စု - ဆိုလဲ
ပါဝင်ရေးဆွဲသူ - အမျိုးသား ( ၅ ) ဦး
အမျိုးသမီး ( ၇ ) ဦး

| အဆင့် | စံသတ်မှတ်ချက် | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| A | သစ်ကာ၊ ဝါးကြမ်းခင်း ၊ ဆိုင်ကယ် ၊ စက်ဘီး | ၁၁ | ၃၆% |
| B | ထရံကာ၊ ဝါးကြမ်းခင်း | ၁၁ | ၃၆% |
| C | တနေ့လုပ် တနေ့စား | ၈ | ၂၈% |
| | စုစုပေါင်း | ၃၀ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**၆။(ဂ)ဥစ္စာဓနပိုင်ဆိုင်မှုသတ်မှတ်ခြင်းအားသုံးသပ်ခြင်း**

**ကျေးရွာလူမှုစီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေး**

ရွာသူ/သားများ အားလုံးပူးပေါင်း၍ ချမ်းသာသူများကို အဆင့် (က)၊ အသင့်အတင့် နေနိုင်သူများကို အဆင့်(ခ)၊ နွမ်းပါးသူများကို အဆင့်(ဂ)၊ ဆင်းရဲ နွမ်းပါးသောအဆင့်(ဃ)အဖြစ် လေးမျိုး သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**အဆင့်အလိုက် အခြေခံစံနှုန်းများ အများသဘောတူသတ်မှတ်နိုင်ရေး**


ရွာသူရွာသားများသည်၎င်းတို့ ကျေးရွာ၏နေထိုင်မှုအခြေအနေပေါ် မူတည်ပြီးသတ်မှတ်ရာတွင် အဆင့်(က) တွင် သစ်ကာ၊ ဂါးကြမ်းခင်း၊ ဆိုင်ကယ်၊ စက်ဘီးစသည်ဖြင့် သတ်မှတ်ပြီး၊ အဆင့်(ခ)တွင် ထရံကာ၊ ဂါးကြမ်းခင်းအိမ် စသည်ဖြင့်သတ်မှတ်ကြပြီး၊ အဆင့်(ဂ) တွင် ထရံကာအိမ်၊ လက်လုပ်လက်စား၊စက်ဘီး(၁)စီး၊စသည်ဖြင့် သတ်မှတ်ကြပါသည်။

**ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုသုံးသပ်မိခြင်း**

ကျေးရွာတွင် အဆင့် (က)၁၁အိမ်၊အဆင့်(ခ)၁၁အိမ်၊အဆင့်(ဂ)၈ အိမ်ရှိနေပြီး၊ အဆင့်များကိုကြည့်ခြင်းအားဖြင့်ကျေးရွာ၏စီးပွားရေးအခြေအနေများကိုသိရှိနိုင်သည်။ ပါဝင်ရေးဆွဲသူ ကျား (၁၁)၊ မ(၆)ဦးတို့နှင့်ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ နှင့် သုံးသပ်ချက်</u>




အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

## ၆။(ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

### ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့(အမျိုးသား၊ အမျိုးသမီး)၊ ပရိတ်အသင်း ၊ကျောင်း ကော်မတီ ၊ ကောက်စိုက်အဖွဲ့ဂေါပက ၊ မီးသတ် ၊ လူထုဗဟိုပြုစီမံကိန်းစီမံခန့်ခွဲရေး ကော်မတီ၊ စသည်တို့ရှိကြပါသည်။

### မည်သည့်အဖွဲ့အစည်းများနှင့် မည်သို့ချိတ်ဆက်လုပ်ဆောင်နေပုံ

ရွာတွင်းလူငယ်အဖွဲ့၏ ဦးဆောင်မှုမှာ ကြီးမားပြီး ၎င်းအဖွဲ့တွင် အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်များ စည်းရုံးစွာပါဝင်၍ ရွာ၏ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို ဦးဆောင်နေသည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များနှင့် ချိတ်ဆက်၍လည်း ဆောင်ရွက်သည်။ ဂေါပက၊ မီးသတ်အဖွဲ့သည်လည်း ကျေးရွာ အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်းတွေ့ရပါသည်။ လူထုဗဟိုပြုစီမံကိန်းကော်မတီသည်ကျေးရွာတွင်းရှိသောအဖွဲ့တိုင်းနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပါသည်။ပါဝင်ရေးဆွဲသူကျား(၃၁)၊မ(၃၁)ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု အပေါ် သုံးသပ်ခြင်း



အရင်းအမြစ်အသုံးပြုမှုအား သုံးသပ်ချက်

## ၆။(င) အရင်းမြစ်များပေါ်တွင် အသုံးပြုမှုအားသုံးသပ်ချက်

### ဒေသတွင်းအသုံးပြုနိုင်သည့် အရင်းမြစ်များပေါ်သိမြင်မှု

ရွာသူ၊ ရွာသားများအနေဖြင့် ၎င်းတို့အသုံးပြုနိုင်သည့် လက်ရှိအသုံးပြုနေသည့် သဘာဝ အရင်းမြစ်များနှင့် လူမှုအရင်းမြစ်များအပေါ်တွင် ကောင်းစွာသိရှိနိုင်မှု နည်းပါးသည်ကို တွေ့ရှိရသည်။

### အရင်းမြစ်များအပေါ် အသုံးပြုမှုအခြေအနေ


အရင်းမြစ်များ အပေါ်တွင် အသုံးပြုမှုကို အမျိုးသား၊ အမျိုးသမီး အသုံးပြုမှု အနေဖြင့် ကောင်းစွာ ခွဲခြားနိုင်စွမ်းမရှိဘဲ ရောထွေးနေပြီး အားလုံးတူညီစွာသုံးစွဲသည်ဟု အဖြေ ထွက်လာသည်။

### အရင်းမြစ်များပေါ်တွင် ထိန်းချုပ်မှုအခြေအနေ

အမျိုးသား၊ အမျိုသမီး တူညီစွာ သုံးစွဲကြသည်ကို သိရှိသည်မှန်သော်လည်း၊ အသုံးပြုမှု အခြေအနေကို အမျိုးသားများသာ ဦးဆောင်ကြောင်းကို အမျိုးသမီးများကလည်း တင်ပြသည်ကို တွေ့ရှိရသည်။ပါဝင်ဆွေးနွေးသူ ကျား(၃၁)၊ မ(၃၁)ဦးတို့နှင့်အတူရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

## (စ) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်


### အကြောင်းအရာနှင့် ပါဝင်ဆွေးနွေးမှုများ

အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ် လူနေမှုစနစ်တွင် တွေ့ကြုံနေရသည့် အချက်အလက်များပေါ်တွင် ကျေးရွာတွင်းရှိ သူများ၏ အမျိုးသား/သမီး အားသာချက်၊ အားနည်းချက်များကို ရှာဖွေကြသည်။ " အုပ်ချုပ်မှု" အပိုင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပါဝင်မှုပိုများပြီး ၈၀% နှင့် ၇၀%ဖြစ်နေသည်။ အုပ်ချုပ်ရေးကိစ္စများကို အမျိုးသားများက အမျိုးသမီးများထက်ပိုမိုဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားများက ၁၀၀%၊ အမျိုးသမီးများက ၈၀%သာရှိ၍ ကျေးရွာ၏လက်ရှိအခြေအနေကို လက်ခံထားသည်။ "အလုပ်အကိုင်" ကိစ္စ တွင် အမျိုးသားများသည် ၇၀% အမျိုးသမီးများမှာ ၆၀% ဖြစ်သောကြောင့်အမျိုး သားများ၊ အမျိုးသမီးတန်း တူမရှိနေပါ။ "အိမ်တွင်းမှု" တွင် အမျိုးသား ၅၀%၊ အမျိုးသမီး ၉၀% ရှိပြီး အမျိုးသမီး များက ထုံးတမ်းစဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြသည်။ "ဝင်ငွေ" ရှာဖွေနိုင်မှုတွင် အမျိုးသား ၇၀% နှင့် အမျိုးသမီး ၇၀% ရှိပြီး၊ အမျိုးသားများက ဒေသအခြေအနေ အရ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။"ကျန်းမာရေး" စောင့်ရှောက်မှုတွင် အမျိုးသားများ က အမျိုးသမီးများလို ဂရုတစိုက်မရှိနိုင်သည်ကို တွေ့ရပါသည်။

"ပညာရေး" လက်လှမ်းမှီမှုတွင် လည်း အမျိုးသား၊ အမျိုးသမီးများ တန်းတူ(၇၀%) ရှိ ကြသည်။ "အဖွဲ့အစည်းပူးပေါင်းပါဝင်မှု" တွင် ရွာ၏ သာရေးနာရေး၊ ဘာသာရေး၊ လူမှုရေး ကိစ္စများတွင် အမျိုးသား၊ အမျိုသမီးများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသော်လည်း (၇၀%) သာ လက်ခံထားကြသည်။ "ပစ္စည်းဥစ္စာစုဆောင်းမှု" တွင် အမျိုးသားများ၈၀%၊အမျိုးသမီး၈၀% ဖြစ်ကြသော်လည်းအမျိုးသမီးများမှာ ငွေကြေးစီမံခန့်ခွဲမှုအများဆုံး ဖြစ်ပါသည်။"လူမှုရေး" ကိစ္စများတွင် အမျိုးသားများ(၈၀%)၊ အမျိုးသမီးများမှာ(၇၀%)အားသာနေသော်လည်းတန်းတူ ဆောင်ရွက် ကြကြောင်းတွေ့ ရပါသည်။"အရင်း အမြစ် လက်လှမ်းမီမှု" တွင် ကျေးရွာ၏ အရင်းအမြစ်များကို တန်းတူဆောင်ရွက်ကြသော်လည်း အမျိုးသား(၇၅%) ၊အမျိုးသမီးများမှာ(၇၅%) သာလက်ခံထားကြောင်းတွေ့ရပါသည်။ပါဝင်ရေးဆွဲသူကျား ၁၀၊မ ၁၂ ၊ဦးတို့နှင့်ဆွေးနွေးရေးဆွဲခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) အခက်အခဲပြဿနာများ ကိုသုံးသပ်ခြင်း





အခက်အခဲပြဿနာများ

## ၆။(ဆ)အခက်အခဲပြဿနာ သုံးသပ်ချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးများဖြစ်နေသည့် အခက်ခဲ ပြဿနာများဖြစ်သည် တို့ကိုအမျိုးသားဘက်မှတင်ပြမှုတွင် အလုပ်အကိုင်ရှားပါးခြင်း၊အကြံပေးမှုအားနည်း ခြင်း ထိန်းသိမ်းမှုအားနည်းခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ စသည်တို့ တင်ပြ ဆွေးနွေးကြပြီး၊ အမျိုးသမီးများဘက်မှလည်း ငွေကြေး၊ စည်းလုံးညီညွတ်မှု အားနည်းခြင်း၊ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ ဦးဆောင်မည့်သူအားနည်းခြင်းန□□□□ မျှတမှု အားနည်းခြင်း၊နည်းပညာ အားနည်းခြင်း၊ နောက်လိုက်ကောင်းအားနည်းခြင်း စသည်တို့တင်ပြကြသည်။ ပါဝင်ဆွေးနွေးသူ ကျား (၂၅)၊ မ (၂၅) ဦးတို့နှင့်ဖော်ထုတ်ခဲ့ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ
နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ) ကျေးရွာမျှော်မှန်းချက်များကို သုံးသပ်ခြင်း





ကျေးရွာမျှော်မှန်းချက်မျာ

**၆။(ဇ) ကျေးရွာ (၄) နှစ်စာမျှော်မှန်းချက်များ သုံးသပ်ချက်**

ကျေးရွာသည် ပထမနှစ် လူထုဗဟိုပြုစီမံကိန်းတွင်ကျေးရွာတွင်းချောင်းကျောက်လမ်းခင်း ခြင်း ဆောင်ရွက်ခဲ့သော်လည်း  အမျိုးသားများဘက်မှ လျှပ်စစ်မီးလင်းရေး ၊ မီတာများ၊  ရေရရှိ ဖြန့်ဝေရေးလုပ်ငန်းများ၊ တင်ပြဆွေးနွေးကြပါသည်။ အမျိုးသမီးများ  ဘက်မှလည်း  ကျေးရွာတွင် ကွန်ကရစ်မီးတိုင်၊ မီးကြိုး၊ စာပေဗဟုသုတအတွက်စာကြည့်တိုက်၊စသည်တို့ ကို တင်ပြ ဆွေးနွေး ကြသည်။ကျား(၂၅)၊ မ(၂၅)ဦး တို့နှင့်အတူဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဈ) ကျေးရွာဦးစားပေးလုပ်ငန်းများ နှင့် သုံးသပ်ချက်**



# ကျေးရွာဦးစားပေးလုပ်ငန်းများ

**၆။(စ) ဦးစားပေးလုပ်ငန်းရွေးချယ်မှုပေါ် သုံးသပ်ခြင်း**

ကျေးရွာလူထုမှ စုပေါင်းတင်ပြရွေးချယ်ထားသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

၁။ ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း (ကျား၊မ)

၂။ ဘက်စုံသုံးခန်းမ (ကျား၊မ)

၃။ ကွန်ကရစ်မီးတိုင်နှင့်မီးကြိုး (ကျား၊မ)

၄။ အသေးစားချေးငွေလုပ်ငန်း (မ)

၅။ လုပ်စားမြေများ (မ)

စသည်ဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များကိုဦးစားပေးအလိုက်ရွေး ချယ်ထား ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





၈။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ဆုံလဲ ကျေးရွာ။ ။ သပြေကုန်း

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးစန်းလွင် | ၀၉၇၇၀၈၁၄၁၇၃ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ရင်ဋွေး | ၀၉၇၈၀၀၅၂၅၀၅ | ၂၀၁၆ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအေးနိုင် | ၀၉၇၉၉၄၉၁၁၃၄ | ၂၀၁၈ |
| ၄ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်အေး | - | ၂၀၁၈ |
| | | | ဒေါ်အိဖြူ | ၀၉၇၆၁၉၁၁၇၀၄ | |
| ၅ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စန်းနွဲ့ | ၀၉၇၉၆၈၆၈၈၇၇ | ၂၀၁၈ |
| ၆ | | အဖွဲ့ဝင် | ဦးမောင်မိုး | - | ၂၀၁၈ |
| | | | | | |
| ၇ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်နိုင်ဝင်း | - | ၂၀၁၈ |
| ၈ | | အဖွဲ့ဝင် | ဒေါ်ချော | - | ၂၀၁၈ |
| | | | | | |
| ၉ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးအုန်းငွေ | - | ၂၀၁၈ |
| | | | | | |
| ၁၀ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအေး | - | ၂၀၁၈ |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ဋွေးဋွေး | ၀၉၇၇၃၃၈၅၂၀၁ | ၂၀၁၈ |
| ၁၂ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးစိုးမင်းအောင် | ၀၉၇၈၉၄၁၂၁၅၉ | ၂၀၁၈ |
| ၁၃ | | အဖွဲ့ဝင် | ဒေါ်မိုး | ၀၉၇၉၅၇၄၂၂၉၅ | ၂၀၁၈ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်နှင်းရည်ချို

လက်ထောက်နည်းပညာမှူး - ဒေါ်သက်သက်ခိုင်

# (စ-၁) ကျေးရွာအခြေခံအချက်အလက်များ

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် — | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆုံလဲ | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၉ | ဘာသာ (၁) --ဗုဒ္ဓ------ | ၂၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | √ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၃ | ၄၉ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၈ | ၁၁ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--(၁၀ မိနစ်)-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---(၁၀ မိနစ်)------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။


☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------
(၂) ------------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးမြင့်ကျော် |
| | လက်မှတ် Kyaw နေ့စွဲ ၂၆·၉·၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် - ဒေါ်မြဒေးရည်ချို |
| | လက်မှတ် [signature] နေ့စွဲ ၂၆·၉·၂၀၁၇ |

## (စ-၂) ကျေးရွာစီမံကိန်းစက်ဝန်းအချိန်ဇယား



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် မော်ဖြင်း ရှင်ချို | | | |
| နေ့စွဲ ၂၆.၉.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံလဲ | ကျေးရွာ မောင်သာမြေ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၂ | ၁၄ | ၂၆ | မမာ | ၂၆ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၂ | ၁၄ | ၂၆ | မမာ | ၂၆ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၀.၁၇ | ၁၈.၁၀.၁၇ | ၂၆ | ၂၇ | ၅၃ | မမာ | ၅၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | ၂၇ | ၂၅ | ၅၂ | မမာ | ၅၂ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၆.၁၁.၁၇ | ၁၆.၁၁.၁၇ | ၁၀ | ၁၂ | ၂၂ | မမာ | ၂၂ |

လူထုဗဟိုပြု စိမ်ကိန်း၊ စိမ်ကိန်းလက်စွဲ အပိုင်း - (၃)-

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၆.၁၁.၁၇ | ၁၆.၁၁.၁၇ | ၁၀ | ၁၂ | ၂၂ | မမာ | ၂၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၇.၁၁.၁၇ | ၁၇.၁၁.၁၇ | ၈ | ၁၀ | ၁၈ | မမာ | ၁၈ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၇.၁၁.၁၇ | ၁၇.၁၁.၁၇ | ၈ | ၁၀ | ၁၈ | မမာ | ၁၈ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၃၀.၁.၁၈ | ၃၀.၁.၁၈ | ၁၁ | ၁၃ | ၂၄ | မမာ | ၂၄ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၁.၂.၁၈ | ၂၁.၂.၁၈ | ၆ | ၉ | ၁၅ | မမာ | ၁၅ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၃.၂.၁၈ | ၂၃.၂.၁၈ | ၉ | ၂၀ | ၂၉ | မမာ | ၂၉ |

# (စ-၃) ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်



## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မြင့်ရည်ကြည် | | | |
| နေ့စွဲ ၂၆.၉.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု ဆုံရွာ | ကျေးရွာ ဆောင်သာရပြ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စည်းလုံးမှုအားနည်းခြင်း။ | ၁ | ပညာရေးအားနည်းခြင်း။ |
| ၂ | ကိုယ်ပိုင်ပိုင်ဆိုင်မှုမရှိကြခြင်း။ | ၂ | အလုပ်အကိုင်မရှိခြင်း။ |
| ၃ | စီးပွားရေးကျပ်တည်းခြင်း။ | ၃ | စီးပွားရေးအဆင်မပြေခြင်း။ |
| ၄ | ပညာရေးအားနည်းခြင်း။ | ၄ | ငွေကြေးကျပ်တည်းခြင်း။ |
| ၅ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း။ | ၅ | |
| ၆ | ဝင်ငွေနည်းပါးခြင်း။ | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဘက်စုံဖွံ့ဖြိုးသောကျေးရွာဖြစ်စေလို | ၁ | လျှပ်စစ်မီးလင်းရမည်။ |
| ၂ | ကျေးရွာတွင်းကတ္တရာလမ်းဖြစ်ရမည်။ | ၂ | ဘက်စုံဖွံ့ဖြိုးသောကျေးရွာဖြစ်ရမည်။ |
| ၃ | လျှပ်စစ်မီးလင်းရမည်။ | ၃ | လမ်းများကောင်းမွန်ရမည်။ |
| ၄ | ကလေးများပညာရေးတိုးတက်စေရမည်။ | ၄ | |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | အမျိုးသား+အမျိုးသမီး | ၂၇ သိန်း | ၉၂ ဦး |
| ၂ | ကွန်ကရစ်စီးတံတားနှင့် မိုးကြိုး | " " | ၅၀ သိန်း | ၉၂ ဦး |
| ၃ | ရွာသုံးရေပိုက် | " " | ၈၃ သိန်း | ၉၂ ဦး |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းလွင် ---------- လက်မှတ် ---------- နေ့စွဲ ၂၆ း ၉ း ၂၀၁၇

ဒေါ်ပသိုဦးဌေး

## (စ-၄) ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း


လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၁)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ~~ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီး~~ပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးညီညီလွင်၊ ဒေါ်နွေးရည်မြို | |
| နေ့စွဲ 18.10.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း စစ်ကိုင်း ၊ မြို့နယ် ကြံ့ခင်း | ကျေးရွာအုပ်စု သံုလဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကျောင်းကုန်း | ရွာတွင်းချောင်း ကျောက်လမ်း | 265'×10'×6" 655'×14'×6" 280'×12'×6" | ၂၈၀ | □ကျား □မ ☑ကျား+မ | ၃၅ သိန်း | | - | - | ၃၅ သိန်း |
| သခွပ်ကုန်း | ဂုံဝ ရှေ့ကျောက်ကျစ်လမ်းခင်းခြင်း | 460'×8'×6" | ၂၅၉ | □ကျား □မ ☑ကျား+မ | ၄၅ သိန်း | | - | - | ၄၅ သိန်း |
| ကွင်းကြီး | ရွာတွင်းလမ်း ကျောက်ကြီးချ ချောင်းကျောက်ခင်း | 1500'×10'×6" | ၅၂၀ | □ကျား □မ ☑ကျား+မ | ၈၈ သိန်း | | - | - | ၈၈ သိန်း |
| ဥယျာဉ်တော | ရွာတွင်းနှင့်ရွာ ချောင်းဆင်းချောင်း ကျောက်လမ်းနှင့်ဂုံးခင်း | 3295'×12'×6" ၇၄'×4'×4' | ၉၆ | □ကျား □မ ☑ကျား+မ | ၈၈ သိန်း | | - | - | ၈၈ သိန်း |
| သခွပ်ကျ | ရွာဝင်လမ်းချောင်း ကျောက်ခင်းခြင်းနှင့် ဂုံးပေါက် | 718'×10'×6" 11'×5'×3'.9" | ၅၂ | □ကျား □မ ☑ကျား+မ | ၂၄ သိန်း | | - | - | ၂၄ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းစဉ်ရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ဖြည့်စွက်ဖြည့်သွင်းရမည်။ဤပုံစံအားဖြည့်စွက်ဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF ၄ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| အောင်သပြေ | ရွာတွင်းလမ်း ချောင်းကျောက် ခင်းခြင်း | 300'×14'×6"<br>100'×10'×6"<br>455'×12'×6"<br>235'×12'×6" | ၆၂ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၂၇ သိန်း | | | | ၂၇ သိန်း |
| | | 150'×7'×6" | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့် အမျိုးသမီး | | | | | |
| ပေါက်တိုင်း | ရွာတွင်းလမ်း ချောင်းကျောက် ခင်းခြင်း | 2979'×14'×6"<br>1549'×12'×6" | ၄၆၇ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၁၁၀ သိန်း | | | | ၁၁၀ သိန်း |

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဘဲဖြူ | ဝဲတာအဆင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ရွာဝင်လမ်းမြောင်း ကျောက်ခင်းခြင်း | 210'×12'×8"<br>300'×12'×6" | ၃၃၃ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၄၅ သိန်း | | | | ၄၅ သိန်း |
| မြစ်ခြား | ရေတွင်း၊ရေကန် ရေစက်ကျွင်းရေပိုက် သွယ်တန်းခြင်း | 2"φ×50'<br>10'×10'×6'<br>6'×6'×6'<br>2"φ - 400'<br>$1\frac{1}{8}$"φ - 2300' | ၃၃၅ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၄ သိန်း | | | | ၅၄ သိန်း |
| ဆုံလဲ | ဘက်စုံသုံးရေကန် | ၂၀'×၃၀'×၁၂' | ၁၂၁ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၈၃ သိန်း | | | | ၈၃၀ သိန်း |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ　　အမည် ဦးအောင်ဝင်း၊ ဒေါ်စကြည်ဝင်း

လက်မှတ် [signature]　　ရက်စွဲ ၁၈.၁၀.၂၀၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)**

**ပထမအကြိမ်ကျေးရွာအစည်းအဝေး**

| | | |
|---|---|---|
| ကျင်းပသည့်နေ့ရက် | - | ၂၆.၉.၂၀၁၇ (အင်္ဂါနေ့) |
| ကျင်းပသည့်အချိန် | - | နံနက် ( ၉ နာရီ) |
| ကျင်းပသည့် နေရာ | - | ဒေါ်ယဉ်ဌေး၏နေအိမ်၊ အောင်သပြေကျေးရွာ |
| ကျင်းပသည့် ဧရိယာ | - | ဆုံလဲအုပ်စု၊ ကြခင်းမြို့နယ်။ |

အောင်သပြေကျေးရွာ၏ ပထမအကြိမ် ကျေးရွာအစည်းအဝေးအား (၂၆.၉.၂၀၁၇) နံနက်( ၉ နာရီ) တိတိ အချိန်တွင် ကျင်းပပါသည်။ ကျေးရွာအမျိုးသား ( ၁၂ )ဦး၊ ကျေးရွာ အမျိုးသမီး ( ၁၄ ) ဦး တက်ရောက်ကြပါသည်။

အစီအစဉ်အရ တာဝန်ကျဝန်ထမ်းများမှ စတင်မိတ်ဆက်ကြပါသည်။ ၎င်းနောက် လူထုစည်းရုံးရေးမှူး ဦးညီညီလွင်မှ စီမံကိန်းအကြောင်းမိတ်ဆက်၍ စီမံကိန်း၏ရည်ရွယ် ချက် နှင့် PRA Tools များအား ပြန်လည်ဆန်းစစ်ပါသည်။ PRA Tools များတွင် လိုအပ်သည်များ ဖြည့်စွက်ပြီးသည်နှင့် ကော်မတီအပြောင်းအလဲရှိ/ မရှိ မေးမြန်းရာ ကော်မတီအား ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။ ပြောင်းရွှေ့သွားသူများနှင့် ရပ်နားလိုသူများ ကိုယ်စား အခြားလူများမှ တာဝန်ယူပါဝင်ထမ်းဆောင်ကြပါသည်။ ဆက်လက်၍ ယခုနှစ် တွင် လုပ်ငန်းဆောင်ရွက်ရန် ဆန္ဒရှိ/ မရှိ မေးမြန်းရာ မေးမြန်းရာ ကျေးရွာစီထောက် ဥက္ကဋ္ဌအမျိုးသား ဦးစန်းလွင်မှ ယခင်နှစ်တွင် မိမိတို့ကျေးရွာမှာ ညီညွတ်မှုမရှိ၍ လုပ်ငန်း လုပ်ဆောင်ခြင်း မရှိခဲ့ပါ။ ယခုတတိယနှစ်စက်ဝန်းတွင်မူ လုပ်ငန်းလုပ်ဆောင်ရန် ဆန္ဒရှိ ကြောင်း ဆွေးနွေးသည်။ ကျေးရွာအနေဖြင့်ယခင်နှစ် (ပထမနှစ်စက်ဝန်း)တွင် ပထမ ဦးစားပေးလုပ်ငန်းဖြစ်သော စက်ရေတွင်း၊ ရေကန် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ်(တတိယနှစ်စက်ဝန်း) အတွက် ဦးစားပေး လုပ်ငန်းအစီအစဉ် အရ_

ပထမဦးစားပေးလုပ်ငန်းမှာ - ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း

ဒုတိယဦးစားပေးလုပ်ငန်းမှာ - ကွန်ကရစ်မီးတိုင်နှင့်မီးကြိုး

တတိယဦးစားပေးလုပ်ငန်းမှာ - ဇရပ်တည်ဆောက်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

ထို့ကြောင့် အောင်သပြေကျေးရွာ အနေဖြင့် ယခုနှစ်အားအုပ်စုမှခွင့်ပြုပေးလျှင် ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လိုကြောင်း အစည်းအဝေး တက်ရောက်သူ အမျိုးသား၊ အမျိုးသမီးများမှ အဆိုပြုကြပါသည်။

ဆုံလဲအုပ်စု အုပ်ချုပ်ရေးမှူးဦးမြင့်ကျော်မှ အောင်သပြေကျေးရွာအနေဖြင့် လမ်းခင်းခြင်း လုပ်ငန်းအား လုပ်ဆောင်မည်ဆိုပါက ရွာတွင် လုည်းသမားများရှိ၍ လှည်းသမားများနှင့် ကော်မတီအဆင်ပြေအောင်ညှိနှိုင်းစေလိုကြောင်း၊ ကော်မတီအနေဖြင့် လမ်းလွှဲပြုလုပ်ပေး၍ ရလျှင်ပြုလုပ်သင့်ကြောင်း၊ မရနိုင်လျှင် လမ်းအားတောင့်တင်းခိုင်မာစွာ ပြုလုပ်၍ လှည်းသမားများအားနားလည်ပေးရမည်ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ပါသည်။ ယခု (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် ဆုံလဲအုပ်စုအတွက် မြို့နယ်မှချမှတ်ပေးသော မီးလင်းရေး အစီအစဉ်နှင့်၎င်းအစီအစဉ်တွင်ပါဝင်သော ကျေးရွာများအားပြောကြားပေးခဲ့ပါသည်။ ယခုနှစ် တွင် မီးရရှိမည့်ကျေးရွာများမှာ ဆိပ်သာ၊ ရွာသစ်ကုန်း၊ ဆီဆုံကုန်း၊ သစ်ဆိမ့်ကုန်းနှင့် သောကြာဒူးအုပ်စုရှိ ကျောက်မှော်ကုန်းကျေးရွာများဖြစ်ကြောင်း ၎င်းကျေးရွာများတွင် ထရမ်စဖော်များထားရှိ၍ မီးတိုင်နှင့်မီးကြိုးများပါတစ်ပါတည်းရရှိမည်ဖြစ်ကြောင်း သတ်မှတ် ထားသည်ထက်ဓာတ်အားပိုလျှံမှုများရှိလျှင် နီးစပ်ရာကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ် ဖြင့်သွယ်တန်းနိုင်ကြောင်း၊ အစောဆုံး ဒီဇင်ဘာလတွင် မီးလင်းနိုင်မည်ဟု ကြားသိရကြောင်း ပြောကြားခဲ့ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် လွှတ်တော်ဆွေးနွေးဖလှယ်ပွဲကျင်းပလျှင် တက်ရောက်သင့်ကြောင်း သို့မှသာသတင်းအချက်အလက် အပြည့်အစုံရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုကိစ္စအားအစည်းအဝေးမှ ရရှိသော သတင်းအချက်အလက် အနေဖြင့်သာ ကျေးရွာကိုချပြခြင်းဖြစ်ကြောင်းပြောကြားပါသည်။

အစည်းအဝေးသည် နေ့လယ် (၁၁နာရီ ၃၀ မိနစ်) ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်နှင်းရည်ချို

၁၄။ကျေးရွာကဏ္ဍာအလိုက်ဦးစားပေးလုပ်ငန်းအစီအစဉ်

| ကျေးရွာကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁။ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ကျား-မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | ကွန်ကရစ်မီးတိုင်၊ မီးကြိုး | ကျား-မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃။ | ဘက်စုံသုံးခန်းမ | ကျား-မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း / စီးပွားရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | ၁။ | ငွေစုငွေချေးအသင်း | ကျား | ၂၀၁၈ | | |
| | ၂။ | လုပ်စားမြေများ | မ | ၂၀၁၉ | | |
| | | | | | | |